သင်ယူရေး
စာစောင်
၃၈

# အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားခုံရုံး၏ ဥပဒေပိုင်းဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်



## ရာဇဝတ်မှုများ ဖြစ်ပွားပြီးနောက်တွင်

### ကနဦးလေ့လာမှုများ

ရာဇဝတ်မှုများသည် ICC ၏ တရားစီရင်ပိုင်ခွင့်အောက်တွင် အကျုံးဝင်သည့် လုံလောက်သော သက်သေအထောက်အထားများရှိ/မရှိကို လည်းကောင်း၊ နိုင်ငံအတွင်း စစ်မှန်သော ရှေ့တိုးဆောင်ရွက်ချက်များရှိ/မရှိကိုလည်းကောင်းနှင့် အကယ်၍ စုံစမ်းစစ်ဆေးမှု တစ်ခု ဖွင့်လှစ်ဆောင်ရွက်ပါက တရားမျှတမှုနှင့် ကျူးလွန်ခံရသူများ၏ အကျိုးကို အထောက်အပံ့ပြု ဖြည့်ဆည်းနိုင်ခြင်း ရှိ/မရှိ တို့ကို လည်းကောင်း၊ တရားစွဲအရာရှိရုံးက လေ့လာဆုံးဖြတ်ရမည်။ အကယ်၍ စုံစမ်းစစ်ဆေးမှုများ စတင်ဆောင်ရွက်ရန် လိုအပ်ချက်များ မပြည့်မီပါက၊ သို့မဟုတ် အခြေအနေ သို့မဟုတ် ရာဇဝတ်မှုများသည် ICC ၏ တရားစီရင်ပိုင်ခွင့်အောက်တွင် အကျုံးဝင်ခြင်းမရှိပါက၊ ICC က စုံစမ်းစစ်ဆေးမှု စတင်ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ အမှုစွဲဆိုသူများက သက်သေအထောက်အထားအသစ်များကို ထပ်မံတင်ပြခြင်းဖြင့် စွပ်စွဲချက်များ ခိုင်မာကြောင်းသက်သေပြနိုင်သည်။

### စုံစမ်းစစ်ဆေးမှုများ

သက်သေအထောက်အထားများကို စုဆောင်းခြင်းနှင့် သံသယရှိသူကို ဖော်ထုတ်မှုပြီးစီးပါကဖမ်းဆီးမိန့်ဝရမ်း ထုတ်ပြန်ပေးရန် အမှုစွဲဆိုသူများက ICC တရားသူကြီးများကို တင်ပြတောင်းခံပါမည်။ သံသယရှိသူကို ဖမ်းဆီးရန်နှင့် ICC သို့ လွှဲပြောင်းပေးရန်အတွက် ICC အနေဖြင့် နိုင်ငံများကို မှီခိုနေရပါသည်။ သို့မဟုတ် ဆင့်ခေါ်လွှာပေးပို့၍ ဆင့်ခေါ်နိုင်ပါသည် (အကယ်၍ သံသယရှိသူက တရားရုံးရှေ့မှောက်လာရောက် စစ်ဆေးခံရန် ဆန္ဒရှိပါက၊ အကယ်၍ ဆန္ဒမရှိပါက ဖမ်းဆီးမိန့်ဝရမ်းတစ်ခုကို ထုတ်ပြန်နိုင်သည်။)

## အကြိုတရားခုံရုံးအဆင့်

ကနဦးလာရောက်စစ်ဆေးခံထွက်ဆိုခြင်း - အကြိုတရားရုံးတရားသူကြီး ၃ ဦးက သံသယရှိသူ (စွပ်စွဲခံရသူ) ၏ မည်သူမည်ဝါဖြစ်ကြောင်းကို အတည်ပြုပြီး စွပ်စွဲချက်များကို သံသယရှိသူအနေဖြင့် နားလည်စေရန် သေချာစွာရှင်းပြသည်။

စွပ်စွဲချက်များကို ကြားနာအတည်ပြုခြင်း - အမှုစွဲဆိုသူများ၊ ခုခံချေပသူ (စွပ်စွဲခံရသူနှင့် သူ၏ရှေ့နေ) နှင့် ကျူးလွန်ခံရသူများ၏ ဥပဒေဆိုင်ရာကိုယ်စားလှယ်များကို ကြားနာစစ်ဆေးမှုပြီးနောက်တွင် တရားသူကြီးများက (ပုံမှန်အားဖြင့် ရက်ပေါင်း ၆၀ အတွင်း) အမှုကို တရားခုံရုံးသို့ တင်သွင်းစွဲဆိုစစ်ဆေးနိုင်ရန် လုံလောက်သော သက်သေအထောက်အထားရှိ/မရှိ ကို ဆုံးဖြတ်ချက်ချမှတ်သည်။

အကယ်၍ သံသယဖြစ်ခံရသူကို ဖမ်းဆီးနိုင်ခြင်း သို့မဟုတ် လာရောက်စစ်ဆေးခံခြင်း မရှိပါက၊ တရားဥပဒေဆိုင်ရာတင်သွင်းမှုများကို ဆောင်ရွက်နိုင်သည်။ သို့သော် ကြားနာမှုများကို စတင်နိုင်မည်မဟုတ်ပါ။

## တရားစွဲဆိုခြင်းအဆင့်

တရားသူကြီး ၃ ဦး၏ ရှေ့မှောက်တွင် တရားစွဲဆိုသူများက စွပ်စွဲခံရသူ၏ ပြစ်မှုများနှင့် ပတ်သက်၍ ကျိုးကြောင်းဆီလျော်သော သံသယကို ကျော်လွန်ကြောင်း (မှတ်ချက်။ beyond a resonable doubt ဆိုသည်မှာ ဥပဒေပိုင်းဆိုရာအရ အပြစ်ရှိကြောင်း အထောက်အထားများနှင့်တကွ သက်သေများတင်ပြခြင်း) သက်သေပြရမည်ဖြစ်သည်။ တရားသူကြီးများက သက်သေအထောက်အထားအားလုံးကို သုံးသပ်ပြီးနောက်တွင် ဆုံးဖြတ်ချက်တစ်ခု ချမှတ်ထုတ်ပြန်ပါသည်။ ထိုဆုံးဖြတ်ချက်က အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်ဖြစ်ပါက ပြစ်ဒဏ်တစ်ခုကို ချမှတ်ပါသည်။ တရားသူကြီးများက ကျူးလွန်ခံရသူ/နစ်နာသူများအတွက် ပြန်လည်ကုစားရေး အစီအစဉ်များ ဆောင်ရွက်ပေးရန်လည်း အမိန့်ပေးချမှတ်နိုင်ပါသည်။

အကယ်၍ လုံလောက်သောသက်သေအထောက်အထားများကို မတွေ့ရှိရပါက အမှုကို ပိတ်သိမ်းပြီး သံသယရှိသူကို လွတ်မြောက်ခွင့်ပြုသည်။

## အယူခံဝင်ခြင်းအဆင့်

တရားစွဲဆိုသူနှင့် ခုခံချေပသူနှစ်ဦးလုံးအနေဖြင့် အမှုကိုစစ်ဆေးစီရင်သည့် ခုံရုံး (Trial Chamber) ၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်တို့နှင့် ပတ်သက်၍ အယူခံရန် အခွင့်အရေးရှိပါသည်။ ကျူးလွန်ခံရသူများနှင့် ပြစ်ဒဏ်ချမှတ်ခံရသူသည် ပြန်လည်ကုစားမှု အစီအစဉ်များပေးရန် အမိန့်တောင်းခံနိုင်ပါသည်။ အယူခံလွှာကို အယူခံခုံရုံး (Appeals Chamber) မှ တရားသူကြီး ၅ ဦးက ဆုံးဖြတ်ချက်ချမှတ်ပါသည်။ ထိုတရားသူကြီး ၅ ဦးသည် မူလပြစ်ဒဏ် ဆုံးဖြတ်ချက်ချမှတ်သော တရားသူကြီးများနှင့် မတူညီပါ။ ထို အယူခံခုံရုံးက မူလဆုံးဖြတ်ချက်ကို ဆက်လက်အတည်ပြုရန်၊ ပြန်လည်ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်၍ဆုံးဖြတ်ချက်အသစ်တစ်ခုချမှတ်ရန် တို့ကို ဆုံးဖြတ်နိုင်ပါသည်။ အကယ်၍ အယူခံခုံရုံး (Appeals Chamber) က အမှုကိုစစ်ဆေးစီရင်သည့် ခုံရုံး (Trial Chamber) တွင် ပြန်လည်စစ်ဆေးစီရင်ရန် ဆုံးဖြတ်ချက်ချမှတ်ခြင်း မရှိပါက ထိုဆုံးဖြတ်ချက်သည် နောက်ဆုံးဆုံးဖြတ်ချက်ပင် ဖြစ်သည်။

## တရားရုံးကချမှတ်လိုက်သည့် ပစ်ဒဏ်ကို ကျခံစေခြင်း

ICC ၏ ပြစ်ဒဏ်ချမှတ်မှုကို အသက်ဝင်စေရေး အရေးယူဆောင်ရွက်ရန် သဘောတူထားသော နိုင်ငံများတွင် ပြစ်ဒဏ်များကို ကျခံရမည်ဖြစ်သည်။

အကယ်၍ အပြစ်ရှိကြောင်း တရားရုံး၏ စီရင်ဆုံးဖြတ်ချက်ကို အရေးယူဆောင်ရွက်ပေးခြင်း မရှိပါက ထိုသူကို လွတ်ပေးနိုင်ပါသည်။ အမှုကိုစစ်ဆေးစီရင်သည့်ခုံရုံး (Trial Chamber) သည် ပြစ်ဒဏ်ချမှတ်ခံရသူကို သူ သို့မဟုတ် သူမ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် နစ်နာသူများကို ပြန်လည်ကုစားမှု အစီအစဉ်များ ဆောင်ရွက်ပေးရန် အမိန့်ပေးနိုင်သည်။ တရားခုံရုံးအနေဖြင့် ထိုပြန်လည်ကုစားမှု အစီအစဉ်များကို ကျူးလွန်ခံရသူများအတွက် ရန်ပုံငွေတစ်ရပ် ထူထောင်ခြင်း (Trust Fund for Victims) မှ တဆင့် ပေးအပ်ရန် အမိန့်ပေးနိုင်သည်။

# အပြန်အလှန်ထောက်ပံ့ခြင်း အခြေခံမှုများ

- ICC သည် ပြည်တွင်းတရားရုံးများကို အစားထိုးရန်မဟုတ် ထောက်ကူပံ့ပိုးပေးရန်သာ ရည်ရွယ်ပါသည်။ အမှုများကို တရားစွဲဆိုရန် နိုင်ငံတော်အနေဖြင့် မစွမ်းဆောင်နိုင်ခြင်း သို့မဟုတ် ဆန္ဒမရှိသည့်အခါမျိုးတွင် ICC က အရေးယူဆောင်ရွက်ပါသည်။ ထိုအချက်က နိုင်ငံတော်များအနေဖြင့် ပြည်တွင်းအဆင့်တွင် တရားမျှတမှု ရှာဖွေဆောင်ရွက်ပေးရန် တိုက်တွန်းလှုံ့ဆော်အားပေးအားမြောက် ပြုပါသည်။
- အဖွဲ့ဝင်နိုင်ငံများအားလုံးသည် ၎င်းတို့၏ ဥပဒေများကို ရောမစာချုပ်နှင့် ညီညွတ်အောင် ဆောင်ရွက်ထားရမည်ဖြစ်ပြီး စစ်ရာဇဝတ်မှု၊ လူသားများအပေါ်ကျူးလွန်သော ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုများကို ပြည်တွင်းအဆင့်တွင် စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းဆောင်ရွက်နိုင်ရန်စွမ်းရည်ကိုလည်း မြှင့်တင်တည်ဆောက်ထားရမည်ဖြစ်သည်။
- အကယ်၍ ပြည်တွင်းတရားရုံးများကို အသုံးပြုရန် စိတ်အားထက်သန်ခြင်းသည် ICC ကို ရှောင်လွှဲရေးအတွက် ဖြစ်ပါကလည်း၊ နိုင်ငံတကာစံနှုန်းများအတိုင်း ကျင့်ပဆောင်ရွက်သော ပြည်တွင်းရာဇဝတ်မှုဆိုင်ရာ တရားမျှတမှု ရှာဖွေဆောင်ရွက်မှုများနှင့် ပြည်တွင်းစွမ်းဆောင်ရည်အသစ်များ ဖွံ့ဖြိုးတိုးတက်မှုတို့ကို တစ်စုံလုံးအားဖြင့် အမြတ်ရသည့် တိုးတက်မှုအဖြစ် ရှုမြင်သင့်သည်။
- အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုများကို ပြည်တွင်းအဆင့်တွင် ပိုမိုထိရောက်စွာ ရှာဖွေဆောင်ရွက်နိုင်ခြင်းသည် ICC က အာဖရိကတိုက်ကဲ့သို့သော အချို့သောဒေသများမှ ရာဇဝတ်မှုများကိုသာ ပြစ်မှတ်ထားနေသည်ဆိုသည့် စိုးရိမ်ပူပန်မှုများကို လျှော့ပါးသက်သာစေလိမ့်မည် ဖြစ်ပါသည်။ စံနှုန်းအဆင့်တစ်ခုနှင့် ကိုက်ညီအောင်ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းတရားမျှတမှုသည် တရားဝင်မှုမြင့်မားနိုင်ပြီး ICC ၏ တရားစီရင်ပိုင်ခွင့်အတွက် အချို့သောအကန့်အသတ်များမှ လွတ်ကင်းနိုင်ကာ ဒေသဆိုင်ရာအခြေအနေများနှင့် ပိုမို၍ သင့်လျော်နိုင်မည် ဖြစ်ပါသည်။ ပြည်တွင်းဥပဒေများကို ချဲ့ထွင်ခြင်းသည် ပြစ်မှုကျူးလွန်သူများနှင့် စပ်လျဉ်း၍ 'ပိုက်ကွန်ကို တင်းကျပ်စေရန်' ဆောင်ရွက်ပေးသည့် တရားစီရင်ပိုင်ခွင့်နယ်မြေကို ပိုမိုကျယ်ပြန့်စေနိုင်သော ရွေးချယ်ခွင့်များ ဖြစ်ပေါ်လာစေနိုင်ပါသည်။
- နိုင်ငံတကာတရားစွဲဆိုမှုများသည် ကုန်ကျစရိတ် အလွန်ကြီးမားပြီး အရင်းအမြစ်ကန့်သတ်ချက်များဖြင့် ဘောင်ခတ်ကန့်သတ်ထားသည်။ အမြင့်ဆုံးတာဝန်ရှိသူကိုသာ ပိုမို၍ အာရုံစိုက်လာကြသည်။ အကယ်၍ ပြည်တွင်းအဆင့်တွင် အမှုများကို ပိုမိုဆောင်ရွက်ပါက အလယ်အလတ်အဆင့် ကျူးလွန်သူများကိုလည်း ပါဝင်အကြုံးဝင်စေနိုင်မည်ဖြစ်သည်။ အခြားတဖက်တွင်လည်း ပြည်တွင်းတရားရုံးများသည် အရင်းအမြစ်ပိုမိုနည်းပါးကြသည်ကို တွေ့ရှိရသည်။ အခြားအသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှု ယန္တရားများသည် ကျူးလွန်ခံရသူအရေအတွက် အများအပြားအတွက် ပြန်လည်ကုစားဖြေရှင်းမှုများ ရရှိနိုင်ရန် အာမခံရမည်ဖြစ်သည်။
- ပြည်တွင်းနှင့်နိုင်ငံတကာ တရားမျှတမှုဆောင်ရွက်သူများအကြား ပိုမိုကောင်းမွန်သော ဆက်သွယ်မှုများ သို့မဟုတ် တစ်ခုနှင့်တစ်ခု ထောက်ကူပြုပံ့ပိုးပေးခြင်းကို တည်ဆောက်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာတရားမျှတမှု ကြိုးပမ်းဆောင်ရွက်ချက်များသည် နိုင်ငံတကာ ခုံရုံးများတွင်ရှာဖွေခြင်းမှဖယ်ခွာ၍ ပြည်တွင်းတရားမျှတမှုစနစ်များ ပြန်လည်တည်ဆောက်ခြင်း ဘက်ဆီသို့ ပြန်လည်အာရုံစိုက်မှုများ မလွဲမသွေဖြစ်ပေါ်လာစေပါသည်။

# ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှု အမျိုးအစားများ



## တစ်ဦးချင်းစီ၏ ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှု

အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုဥပဒေက လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လူမျိုးတုံး သတ်ဖြတ်မှုများ၊ လူသားများအပေါ်ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို ချိုးဖောက်ကျူးလွန်ခြင်းအတွက်သာမက ထိုရာဇဝတ်မှု များ ဖြစ်ပွားစေရန်အတွက် ကြိုးပမ်းခြင်း၊ စီစဉ်ဆောင်ရွက်ခြင်း သို့မဟုတ် ကူညီခြင်းနှင့် အားပေးခြင်းတို့အတွက် ရာဇဝတ်မှုဆိုင်ရာအရ တာဝန်ခံ၊ တာဝန်ယူစေပါသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းကိုလည်း ထိုရာဇဝတ်မှုများ ကျူးလွန်ရန် ကြံစည်စီစဉ်ခြင်းနှင့် သွေးထိုးလှုံ့ဆော်ခြင်းများ ကျူးလွန်ခြင်း အတွက်လည်း ရာဇဝတ်မှုကြောင်းအရ တာဝန်ခံစေနိုင်ပါသည်။

## အမိန့်ပေးမှုအဆင့်ဆင့် တာဝန်ရှိမှု

နိုင်ငံတကာရာဇဝတ်မှုဥပဒေများကို ချိုးဖောက်ခြင်းသည် အရေးယူ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့်လည်း ဖြစ်ပွားစေနိုင်ပါသည်။ လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် အုပ်စုများသည် လက်အောက်ငယ် သားများ၏ ပြုမူလုပ်ဆောင်မှုများအတွက် တာဝန်ရှိသော အမိန့်ပေးမှု တစ်ခုအောက်တွင် ဖွဲ့စည်းထားကြသည်။ ထိုစနစ်ထိရောက်ရန်အတွက် အမိန့်ပေးမှုအဆင့်ဆင့်၏ အထက်အရာရှိများအနေဖြင့် ၎င်းတို့၏ လက်အောက်ငယ်သားများက ပြင်းထန်သော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများကို မကျူးလွန်နိုင်ရန်အလို့ငှာ လုံလောက်သော အစီအမံ များ ဆောင်ရွက်ရန် ပျက်ကွက်သောအခါများတွင် တာဝန်ခံစေရပါမည်။ ထို့ကြောင့် သူတို့အနေဖြင့် တိုက်ရိုက်မကျူးလွန်သော်လည်း သို့မဟုတ် တိုက်ရိုက်အမိန့်ပေးခြင်းမရှိသော်လည်း တားမြစ်ခြင်း သို့မဟုတ် တားဆီးခြင်းမရှိခဲ့သောကြောင့် လက်အောက်ငယ်သားများ၏ လုပ်ဆောင်မှုများအတွက် ရာဇဝတ်ကြောင်းအရ တာဝန်ခံစေရပါမည်။





### ကိုးကားသည့်အချက်အလက်များ


• Rome Statute of the International Criminal Court, 1998, https://www.icc-cpi.int/nr/rdonlyres/ea9aeff7-5752-4f84-be94-0a655eb30e16/0/rome_statute_english.pdf

• ”About ICC”, International Criminal Court, <https://www.icc-cpi.int/about>